ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံစာရင်းကောင်စီ
# စာရင်းကိုင်အလုပ်သင်နှင့်ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများကြီးကြပ်ရေးကော်မတီ

## ရုံးအမိန့်

အမှတ် ။ ၁၂၀ ။ ရက်စွဲ ၊ ၂၁ - ၆ - ၂၀၂၄

အကြောင်းအရာ။ **စာရင်းကိုင်အလုပ်သင်များအား အလုပ်သင်ကြားပေးသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများ၏ တာဝန်များကို ပြင်ဆင်သတ်မှတ်ခြင်း**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၇-၄-၂၀၂၀ ရက်စွဲပါ ရုံးအမိန့်အမှတ် ၁၂၉ အပိုဒ် ၂(ည) နှင့် ၂(ဋ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

(ည) အလုပ်သင်များအကြောင်းအမျိုးမျိုးကြောင့် အလုပ်သင်အဖြစ်မှ နုတ်ထွက်ခွင့်တင်ပြလာပါက နုတ်ထွက်ခွင့်လျှောက်လွှာကို နုတ်ထွက်မည့်နေ့မတိုင်မီ ၁ လ ကြိုတင်၍ မြန်မာနိုင်ငံစာရင်းကောင်စီရုံးသို့ လာရောက်လျှောက်ထားစေရေးနှင့်သတ်မှတ်နုတ်ထွက်လျော်ကြေးငွေ ပေးသွင်းစေရေးတို့အတွက် ကြီးကြပ်စီစဉ်ရန်ဖြစ်ပြီး မြန်မာနိုင်ငံစာရင်းကောင်စီရုံးသို့ ထောက်ခံတင်ပြရန်၊

(ဋ) သတ်မှတ်အလုပ်သင်ကာလ ၆ လ၊ ၁ နှစ်၊ ၂ နှစ်၊ ၃ နှစ် ပြည့်မြောက်ပြီးသည့်အခါ အလုပ်သင်တစ်ဦးချင်းအတွက် လက်တွေ့လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းတွင် သင်ကြားပေးသည့်၊ တာဝန်ပေးသည့် လုပ်ငန်းအမျိုးအစား (စာရင်းကိုင်ခြင်း၊ စာရင်းစစ်ဆေးခြင်းစသည်) တစ်ခုစီကို ဆိုင်ရာကာလများနှင့် ယှဉ်တွဲဖော်ပြမှုအတွက် ကနဦးစိစစ်အကဲဖြတ်၍ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ)အဖြစ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်ထောက်ခံသည် (သို့မဟုတ်) မထောက်ခံပါဟု မှတ်ချက်ပြု၍ သတ်မှတ်အလုပ်သင်လုပ်သက် ပြည့်မြောက်သည့်နေ့မှစ၍ ၁ လ အတွင်း မြန်မာနိုင်ငံစာရင်းကောင်စီရုံးသို့ ပေးပို့ရန်၊

၂။ ဤရုံးအမိန့်ပါ ပြင်ဆင်သတ်မှတ်ချက်များသည် ရုံးအမိန့်ထုတ်ပြန်သည့်နေ့နောက်ပိုင်း အလုပ်သင်အဖြစ်မှ နုတ်ထွက်ခွင့်လျှောက်ထားမှုများနှင့် သတ်မှတ်အလုပ်သင်လုပ်သက်ပြည့်မြောက်ခြင်းများအတွက် အကျိုးသက်ရောက်စေရမည်။

(မိုးကျော်)
ဥက္ကဋ္ဌ

ကန့်သတ်

စာအမှတ်၊ မစက/ ၅၀၀ / ( ၆၂၂ / ၂၀၂၄ )

ရက်စွဲ ၊ ၂၁ – ၆ – ၂၀၂၄

ဖြန့်ဝေခြင်း

ဥက္ကဋ္ဌ၊ စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများကြီးကြပ်ရေးကော်မတီ

အလုပ်သင်ကြားပေးသည့် အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများ

အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်းလုပ်ကိုင်သူများထံတွင် အလုပ်သင်ဆင်းမည့် စာရင်းကိုင်အလုပ်သင်များ

ကြော်ငြာသင်ပုန်း (အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း၊နေပြည်တော်/ရန်ကုန်)

မိတ္တူ

ညွှန်ကြားရေးမှူးချုပ်၊နည်းပညာဖွံ့ဖြိုးရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ရုံးအမိန့်ဖိုင်

ရုံးလက်ခံ

မျှောစာတွဲ